# ၂၀၂၃ ၏ သတင်းစကား

## အတွင်းစိတ် နှင့် တစ်ပေါင်းတစ်စည်းတည်းရှိခြင်း

စကြဝဠာလုံးဆိုင်ရာ မောင်နှမသားချင်းအဖြစ် ဖြစ်တည်မှု၏အရင်းအမြစ်ကို လူသားမိသားစု၏ နှလုံးသားတွင်ရော ဖန်ဆင်းခြင်းတစ်ခုလုံးအတွင်း၌ ဘယ်မှာရှာတွေ့နိုင်မည်နည်း။ ဤမေးခွန်းအတွက် အဖြေအမျိုးမျိုးသည် ကမ္ဘာလူသားတို့၏ ဝိညာဉ်ရေး ဓလေ့ထုံးတမ်းများကြား အချိန်နှင့်အမျှ တိုးတက်လာသည်။ ခရစ်ယာန်များအတွက် သူတို့၏ယုံကြည်ခြင်းကို ပိုမိုနက်ရှိုင်းစွာ နားလည်ရန်အချိန် အချိန်ရောက်လာပါပြီ။ သူတို့ကိုယ်သူတို့ ရှေ့တန်းတင်ဖို့ရန်မဟုတ်၊ အရာအားလုံးအတွက် သူတို့တွင် အဖြေများရှိသည်ဟု ကြွေးကြော်ရန်မဟုတ်။ မိမိတို့၏ကံကြမ္မာကို မပုံအပ်လိုဘဲ မျက်မှောက်ခေတ်၏ ကြီးကျယ်သောကိစ္စများတွင် ပါဝင်လုပ်ဆောင်ရန်ရွေးချယ်သောသူများနှင့်အတူ ထိထိရောက်ရောက် ဘုံရှာဖွေမှုပြုရန်ဖြစ်သည်။ ဤ ၂၀၂၃ အတွက်သတင်းစကားသည် ကျွန်ုပ်တို့ခေတ်တွင် ခရစ်ယာန် အသက်တာကို အသစ်ပြုပြင်ရန် ပံ့ပိုးပေးမည့် ကြိုးပမ်းမှုများကို ဖော်ထုတ်ရန် ရည်ရွယ်သည်။

"ဆုတောင်းခြင်းနှင့် ဖြောင့်မတ်သည့်လုပ်ဆောင်မှု" ဤသည်မှာ ဒုတိယကမ္ဘာစစ်၏ ဆိုးရွားလှသည့် နှစ်များအတွင်း ၎င်းသည် သင်းအုပ်ဆရာ Dietrich Bonhoeffer ၏ ထိုးထွင်းသိမြင်မှုဖြစ်သည်။[၁] ထောင်ထဲတွင်ရှိစဉ် ခရစ်ယာန်အသက်တာ၏ မရှိမဖြစ်လိုအပ်သောရှုထောင့်များကို တွေးတော ဆင်ခြင်ခဲ့သည်။ စစ်ပွဲ၏ကြေကွဲစရာများအကြားတွင် ရပ်တည်မှုတစ်ခုကိုယူခဲ့သည်။ သူ့ခေတ် အမှောင်ထဲတွင် သူရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်မှာ -

> ယနေ့ကျွန်ုပ်တို့၏ ခရစ်ယာန်ဖြစ်ခြင်းအပေါ်သတ်မှတ်ထားသည့်အရာနှစ်ခုသာရှိပြီး ၎င်းတို့မှာ ဆုတောင်းခြင်း နှင့် လူသားအချင်းချင်းကြား မှန်ကန်သောလုပ်ဆောင်ချက်သာဖြစ်သည်။ ခရစ်ယာန် အတွေးအမြင်၊ ပြောဆိုခြင်း နှင့် စည်းရုံးခြင်း အားလုံးတို့သည် ဤဆုတောင်းခြင်းနှင့် လုပ်ဆောင်ချက်တို့မှ အသစ်တဖန် မွေးဖွားရမည်။ [၂]

ယနေ့အတွက် ဤထိုးထွင်းသိမြင်မှုကို ကျွန်ုပ်တို့ မည်သို့ဘာသာပြန်ဆိုနိုင်မည်နည်း။ လူတစ်ဦးစီမှ မိမိတို့၏တုန့်ပြန်မှုကို ပေးနိုင်သည်။ Taizé တွင်မူ ကျွန်ုပ်တို့၏အတွင်းစိတ်နှင့် အခြားသူများနှင့် တစ်ပေါင်းတစ်စည်းတည်းရှိခြင်းကို နက်နဲစေခြင်းအားဖြင့်ဟု ပြောလိမ့်မည်။ တစ်နည်းအားဖြင့်ဆိုသော် ကျွန်ုပ်တို့၏ဆုတောင်းခြင်းအသက်တာနှင့် ကျွန်ုပ်တို့၏ပေါင်းစပ်ရင်းနှီးမှုကို ကျယ်ပြန့်စေခြင်းဖြင့် ဖြစ်သည်။

ကျွန်ုပ်တို့၏ အသက်တာတွင် ဘုရားသခင်ရှ ိနေခြင်း၏ နိမိတ်လက္ခဏာများကို ရှာဖွေတွေ့ရှိရန် Dietrich Bonhoeffer ၏ သက်သေခံချက်မှ ကျွန်ုပ်တို့ကို ကူညီနိုင်ပါသည်။ သူသည် သူ့ခေတ်သူ့အခါမှ ဆိုးယုတ်မှုများကို ကောင်းစွာသိနေခဲ့သော်လည်း သူ၏အတွင်းစိတ်က ပြင်းထန်သောအကြမ်းဖက်မှု အခြေအနေများတွင် စိတ်ပျက်ခြင်းမရှိဘဲ ဘုရားသခင်ကိုမျှော်လင့်ကိုးစားခြင်းကို အတိတ်နှင့် မျက်မှောက်ခေတ်မှ အခြားလူများကဲ့သို့ပင်ရွေးချယ်နိုင်စေခဲ့သည်။

ယခုက ျွန်ုပ်တို့၏အလှည့် လက်ရှိအခြေအနေတွင် ကျွန်ုပ်တို့သည် ယုံကြည်ရန် ရွေးချယ်နိုင်သည်။ ကမ္ဘာကြီးအလည်တွင် အခြားနေရာမှထွက်ပေါ်လာသော အလင်းရောင်ကို ကျွန်ုပ်တို့လွတ်လပ်စွာ ပိုင်းခြားနိုင်ခွင့်ရှိသည်။ ခက်ခဲသောအချိန်ကို ဖြတ်သန်းနေရချိန ်၌ပင်၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အော်ဟစ်သံကို ဖြေကြားတော်မမူဟု ထင်ရချိန်၌ပင် ထိုအလင်းရောင်သည် မိုးသောက်ကြယ ်ကဲ့သို့ ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ ထွက်ပေါ်နေလေပြီ (၂ပေ ၁း၁၉)။

---------------------------------------------

၁။ ဟစ်တလာ နှင့် ဝန်ခံသည့်အသင်းတော်ကို တက်ကြွစွာအတိုက်အခံပြုခြင်းကြောင့် Dietrich Bonhoeffer (၁၉၀၆-၁၉၄၅) သည် ၁၉၄၃ ခုနှစ်တွင် အကျဉ်းချခံခဲ့ရပြီး ၁၉၄၅ ခုနှစ်တွင် ကွပ်မျက်ခံခဲ့ရသည်။ အထူးသဖြင့် သူထောင်ထဲတွင် ရေးခဲ့သည့် စာများ နှင့် ပြန်လည်ဆန်းစစ်မှုများသည် စစ်ပွဲအပြီး နှင့် ယနေ့တိုင် အလွန် လွှမ်းမိုးမှုရှိပါသည်။

၂။ “D.W.R. Bethge ၏ ဗတ္တိဇံနေ့မှ အတွေးအမြင်များ” (မေလ ၁၉၄၄)၊ *အကျဉ်းထောင်မှ စာ နှင့် စာတမ်းများ၊* စာ-၃၀၀

**ယ ုံကြည်မှုကို ရွေးချယ်ခြင်း။**

ယနေ့ခေတ်တွင် မျိုးဆက်သစ်လူငယ်များနှင့် အခြားသူများသည်လည်း လေးလံသော ဝန်ထုပ်ဝန်ပိုးကို ထမ်းနေရသောအခါ ကျွန်ုပ်တို့၏အမြင် နှင့် တီထွင်ဖန်တီးနိုင်စွမ်းကို မည်သို့ပြောင်းလဲနိုင်မည်နည်း။ နက်ရှိုင်းသော စိုးရိမ်ပူပန်မှုတစ်ခုကို ခံစားရရန်၊ လောကကို မြင်သည့်အမြင် နှင့် ကျွန်ုပ်တို့ကိုယ်ကို မြင်သည့်အမြင်အပေါ် သက်ရောက်မှုရှိနိုင်သော အကြောင်းရင်းများစွာရှိမည်မှာသေချာပါသည်။ လူအချို့က ဘုရားသခင်နှင့် ဘုရားသခင်၏ တည်ရှိခြင်းကို မေးခွန်းထုတ်သည့်အထိပင်ဖြစ်လာပါသည်။

စိုးရိမ်ပူပန်ခြင်းသည် နားလည်နိုင်သောတုံ့ပြန်မှုတစ်ခုဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့ကိုခြိမ်းခြောက် နေသော အန္တရာယ်များကို သိမြင်နားလည်နိုင်စေရန်နှင့် အမြင်ရှင်းပြီး မနုံအစေရန် ကူညီပေးသည်။ သို့သော် ကျွန်ုပ်တို့ကို အကျဘက်သို့ဦးတည်စေသည့် ကံစီမံရာကိုပုံအပ်ခြင်း၊ အဆိုးမြင်ဝါဒ သို့မဟုတ် ကြောက်ရွံ့မှုတို့ကို အရှုံးမပေးမိစေရန် သတိထားရပါမည်။

ထိုသို့သောထွက်ပေါက်မဲ့အဖြစ်ကို ရှောင်ရှားရန် ဧဝံဂေလိတရားက ကျွန်ုပ်တို့ရှေ့မှာကြွလာသော သခင်ယေဇူးထံသို့ ကျွန်ုပ်တို့အား ညွှန်ပြသည်။ ခရစ်တော်သည် သူ၏အသက်တာ၌ ဝမ်းမြောက်ခြင်း နှင့် စိုးရိမ်ပူပန်မှုကိုလည်း ခံစားခဲ့ရသည်။ သူသည် အဆုံးတွင် လက်ဝါးကပ်တိုင်၏ အစွန်းရောက်သည့် အကြမ်းဖက်မှုဆီသို့ ဦးတည်ခဲ့သည့် ကြီးထွားလာသောရန်လိုမုန်းတီးမှုကို ခံစားခဲ့ရသည်။ သို့သော် ဘုရားသခင်သည် သူ့ကို အသက်ပြန်ရှင်စေခဲ့သောကြောင့် သေခြင်းတရားသည် နောက်ဆုံးစကားမရှိ ခဲ့ပါ။ သူသည်လည်း ထာဝရ အသက်ရှင်နေပါသည်။ ဤအရာသည် ဧဝံဂေလိတရားနှင့်ပတ်သက်သော အံ့သြဖွယ်ရာပင်ဖြစ်သည်။ ၎င်းအဖြစ်အပျက်၏ ပထမဆုံးသက်သေများက ဤသတင်းစကားကို ယုံကြည်ရန် ကျွန်ုပ်တို့ကို ဖိတ်ခေါ်နေ ပါသည်။

ဘုရားသခင်၏ ခြွင်းချက်မရှိသည့် ချစ်ခြင်းမေတ္တာအကြောင်းပြောရန် ခရစ်တော်သည် ယနေ့ လူသားတိုင်းနှင့် အတူဆက်လက် လျှောက်လှမ်းနေပါသည်။ ဘုရားသခင်၏ ဝင်သက်ထွက်သက်တော် ဖြစ်သည့် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ရပ်တည်နိုင်စေပြီး လူတိုင်းအား အခြေခံကျသော ဂုဏ်သိက္ခာကို ပေးသည်။

ပြင်ပမှလာသည့်အရာများဖြင့်သာ ကျွန်ုပ်တို့သည် လမ်းညွှန်မှုကိုခံယူခြင်းမဟုတ်ဘဲ ယုံကြည်ခြင်း အမည်ကို ယူဆောင်သည့် အတွင်းမှလာသည့်အလင်းကိုလည်း ကြိုဆိုကြပါစို့။

**ဆုတောင်းခြင်းဖြင့် အသစ်ပြုပြင်ခြင်းကို ရှာဖွေခြင်း။**

ကျွန်ုပ်တို့၏ဘဝ၊ အခြားလူများနှင့် ကမ္ဘာကြီးကို အသစ်သောအမြင်အဖြစ် မြင်နိုင်ရန် ကိုယ်ပိုင် ခြေလှမ်းတစ်ခု လိုအပ်ပါသည်။ ထိုခြေလှမ်းသည် ကျွန်ုပ်တို့၏ လေးနက်သောဖြစ်တည်မှု နှင့် ဘုရားသခင်ကိုကျွန်ုပ်တို့နှင့် အတူနေရန် ကြိုဆိုလက်ခံချိန်တွင် စတင်သည်။ ထိုသို့ပြုရန် သမ္မာကျမ်းစာပြောသည့် အတွင်းစိတ်နှလုံး၏ ဦးတည်ချက်ပြောင်းလဲရန်လိုအပ်ပြီး ၎င်းသည် ဘုရားသခင်၏ နှစ်သိမ့်ခြင်းကိုကြိုဆိုရန် နှင့် ပို၍ပို၍မေတ္တာတရားထားနိုင်ရန် ကျွန်ုပ်တို့အား လမ်းပြပါသည်။

ကျွန်ုပ်တို့အားလုံး အတွင်းစိတ်တိတ်ဆိတ်မှုကိုတွေ့ရှိရန်၊ နားထောင်မည့်အခြေအနေတစ်ခုကိုဖန်တီးရန် နှင့် ဘုရားသခင်နှင့်အတူပေါင်းစည်းမှုကိုတွေ့ရှိရန် အချိန်နှင့်နေရာများကို ရှာဖွေနိုင်သည်။ သခင်ယေဇူးက – "သင်တို့သည် ဆုတောင်းသောအခါ သင့်အခန်းသို့ဝင်၍ တံခါးကိုပိတ်ပြီး မထင်ရှားသောအရပ်၌ရှိတော်မူသောအဘ ထံဆုတောင်းပါ။" (မဿဲ ၆း၆) ဟု သူ၏မိတ်ဆွေများကို ဖိတ်ကြားထားပါသည်။

ဤဖိတ်ကြားချက်သည် ယနေ့ ရေစီးကြောင်းနှင့် အနည်းငယ် ဆန့်ကျင်နေပုံရသည်။ ကျွန်ုပ်တို့သည် ပို၍ဆန့်ကျင်စွာသဘောထားကွဲလွဲလာကြပြီး လူ့အဖွဲ့အစည်းကြား၊ တစ်ခါတစ်ရံတွင် အသင်းတော်များ အကြား နှင့် မိသားစုများအကြားတွင်ပင် ကွဲပြားလာသည့်အချိန်ကို ကြုံတွေ့နေရပါသည်။ ဤအခြေအနေတွင် ဆူညံသံများ နှင့် လိမ်လည်မှုများသည် အချိန်လိုအပ်သည့် တိတ်ဆိတ်သော အတွင်းစိတ်ဖွံ့ဖြိုးမှုများကို တိမ်မြုပ်သွားစေပါသည်။

ထို့ကြောင့် ဆုတောင်းခြင်းသည် ပို၍အရေးကြီးနေပါသည်။ ဆုတောင်းခြင်းသည် မျှော်လင့်ချက် မြစ်ဖျားခံရာ နှင့် ငြိမ်သက်ခြင်းသို့ သွားရာလမ်းဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့ကို ဆန့်ကျင်သူများ သို့မဟုတ် ဝေးကွာလှသောအရပ်မှလာသူများနှင့်ပင် ဆွေးနွေးနိုင်မည့် တံခါးများကို ဖွင့်ပေးပါသည်။

**တခြားသူများနှင့်အတူ လျှောက်လှမ်းခြင်း။**

ကိုယ်ပိုင်ဆုတောင်းခြင်းအပြင် ကျွန်ုပ်တို့သိမြင်သတိပြုရန်ကြိုးစားနေသည့်စကြာဝဠာလုံးဆိုင်ရာ မောင်နှမသားချင်းအဖြစ် တည်ရှိမှုအားဖြင့် အခြားသူများနှင့် အတူလျှောက်လှမ်းရန် ဖိတ်ခေါ်မှုတစ်ခု ရှိသေးသည်။ အတွင်းကျသည့်ဘဝသည် သီးခြားရည်မှန်းချက်မဟုတ်ပါ။ ၎င်းသည် တူညီသော ရှာဖွေမှုပြုလုပ်သူများနှင့် အတူ ဆက်လက်ကြိုးပမ်းခြင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် ခရစ်ယာန်များ၏မြင်သာသောစည်းလုံးမှုကို ကူညီပေးခြင်းဖြင့် စတင်နိုင်ပါပြီ။ ရန်လိုသော ကမ္ဘာတွင် ပိုမိုအင်အားကြီးလာရန်မဟုတ်ဘဲ ဧဝံဂေလိတရား၏ အင်အားတက်ကြွမှုကို ဖြေလွှတ်ပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့ အတူတကွစုဝေးဆုတောင်းကြရန် သီအိုလိုဂျီမေးခွန်းများ အားလုံးကို သဟဇာတဖြစ်သည်အထိ စောင့်ဆိုင်းရန်မလိုပါ။

ကျွန်ုပ်တို့သည် ဂိုဏ်းဂဏကွဲပြားသော ခရစ်ယာန်များနှင့် တွေ့ဆုံသောအခါ သဟဇာတမဖြစ်နိုင်ပုံ ရသည့် အနေအထားများကို သတိပြုလာမိတတ်ပြီး တစ်ခါတစ်ရံ အနည်းဆုံး အယူအဆအဆင့်တွင် အမှန်ပင် သဟဇာတမဖြစ်သည်လည်းရှိသည်။ ၎င်းတို့ကို အလေးပေးမည့်အစား အခြားနည်းလမ်း တစ်ခုဖြစ်သည့် အတူတကွ ဆုတောင်းခြင်းဖြင့် အဖန်ဖန်စတင်နိုင်သည်။ ထိုသို့သော စည်းလုံးခြင်း အလေ့အကျင့်သည် ဘုရားသခင့်လူမျိုးကို ယုံကြည်ခြင်းကိုဝန်ခံခြင်းဆီသို့ ဦးတည်စေမည်ဖြစ်သည်။ ထိုအရာသည်လည်း ကျွန်ုပ်တို့အသင်းတော်ကို မြင်သည့်ပုံစံကို ပြောင်းလဲစေနိုင်ပါသည်။ ခရစ်တော်၏ ခြေလှမ်းများနည်းတူ ချစ်ခြင်းမေတ္တာကို ရွေးချယ်သောမိသားစုကြီးတစ်ခုအဖြစ် ပိုပိုပြီးမြင်နိုင်မလား။ ငြိမ်းချမ်းရေးတဆေးဖြစ်ရန် မည်သို့မျှမဆုံနိုင်သည့် မျဉ်းပြိုင်များပေါ်တွင်ဆက်ရပ်ကာ အချင်းချင်း ကွဲလွဲမှုကို အားပေးခြင်းများအား ရပ်တန့်ရန် အချိန်တန်ပြီ။

ဤမြင်သာသော စည်းလုံးညီညွတ်မှုကို ရှာဖွေခြင်းအား ကျွန်ုပ်တို့အသင်းတော်များအတွင်း ဖြစ်ပျက်ခဲ့သည့် မကောင်းဒုစရိုက်မှုများကို အသိအမှတ်ပြုခြင်းနှင့်အတူ ပြောင်းလဲမှုကိုလုပ်ဆောင်ရန် ခိုင်မာစွာစိတ်ပိုင်းဖြတ်ပြီး လုပ်ဆောင်သွားရမည်ဖြစ်သည်။ လူများစွာသည် မိမိတို့ယုံကြည်မှု ပြိုပျက် သွားသည်ကို ကြုံဖူးကြသည်။ Taizé မှာလည်း လူအချို့၏ယုံကြည်မှုသည် သစ္စာဖောက်ခြင်း ခံရသည်ကို ကျွန်ုပ်တို့ကောင်းကောင်းသိပါသည်။ ယုံကြည်မှုသည် မကြာခဏပြန်လည်ဆန်းသစ်ရန် လိုအပ်သည့် ပြိုပျက်လွယ်သောအမှန်တရား

တစ်ခုဖြစ်သည်။ ထိုသို့ဆန်းသစ်ရန် ဒဏ်ရာဒဏ်ချက် ရရှိခဲ့သောသူများအား နားထောင်ခြင်းဖြင့်သာ လုပ်ဆောင်နိုင်သည်။

**ကျွန်တော်တို့၏ ခင်မင်ရင်းနှီးမှုကို ချဲ့ထွင်ပါ။**

တစ်ကမ္ဘာလုံးဆိုင်ရာမိသားစုတစ်ခုတည်ဆောက်ရာတွင်ပါဝင်နိုင်ရန် ရောက်ရှိလာမည့် ဘုရားသခင့် နိုင်ငံတော်၏ နိမိတ်လက္ခဏာအနေနှင့်သော်လည်းကောင်း၊ ဝိညာဉ်တော်ဘုရားက ယနေ့ကျွန်ုပ်တို့အား ဘာလုပ်စေချင်သည်ကိုသိရှိနိုင်ရန် အသင်းတော်သည် ဖိတ်ခေါ်ခြင်းခံရသည်။ အခြားသူများနှင့် အတူတကွ ပိုမိုလေးနက်ရန်လိုသည့် ဖိတ်ခေါ်ချက်အချို့မှာ-

- ယနေ့ခေတ်တွင် ပါတ်သက်ဆက်နွယ်နေသည်ဟူသည့် စိတ်ခံစားမှုသည် မရှိမဖြစ် အရေးကြီး လာသည်နှင့်အမျှ လူများစွာသည် မိမိတို့၏ဖြစ်တည်မှုအတုယောင်ကို ပုံဖေါ်လာကြသည်။ ၎င်းပါတ်သက်ဆက်နွယ်မှုသည် တခြားသူများနှင့်ဆန့်ကျင်ခြင်း၊ ပဋိပက္ခဖြစ်ခြင်းတို့တွင် ရင့်သန်လာခြင်းမဟုတ်ဘဲ လေးစားမှုနှင့် တွေ့ဆုံကြခြင်းတို့တွင် ရှင်သန်သည်။ ကျွန်ုပ်တို့အား ကြီးထွားလာစေနိုင်သည့် တခြားသူများ၌ရှိသည့် အမှန်တရားအစိပ်အပိုင်းကို ရှာဖွေကြပါစို့။
- အပြန်အလှန်ရိုသေလေးစားမှုရှိသည့်နေရာသည် မတူညီသည့်ဘာသာတရားကို ကျင့်သုံးသူများအကြားရှိ တွေ့ဆုံဆွေးနွေးမှုတွင်ဖြစ်တည်နိုင်သည်။ သစ်ပင်တစ်ပင်သည် အကိုင်းအခက်များ ဝေဆာဖွံ့ဖြိုးလာစေရန် ခိုင်မာသည့်အမြစ်တွယ်ရန်လိုသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏ဘာသာတရားထုံးတမ်းစဉ်လာများအပေါ်အခြေခံခြင်းဖြင့် တွေ့ဆုံဆွေးနွေးမှုတွင် အခြားသူများနှင့်ပွင့်လင်းမှုရှိလာနိုင်သည်။ အခြားသူများက ကျွန်ုပ်တို့လေးနက်စွာ ယုံကြည်သည့်အရာကို မယုံကြည်သည့်အတွက် တစ်စုံတစ်ခုသော စိတ်ခံစားမှုပါဝင်သည် ဆိုလျှင်ပင် စစ်မှန်သည့်ခင်မင်ရင်းနှီးမှု ဖြစ်တည်နိုင်သည်။
- ယနေ့ လူများစွာသည် နက်ရှိုင်းသည့်လူမျိုးရေးခွဲခြားမှု နှင့် ခွဲခြားဆက်ဆံမှုပုံစံအားလုံးသည် လူအချင်းချင်းကြားဆက်ဆံရေး နှင့် ကမ္ဘာတစ်ဝှမ်းရှိလူ့အဖွဲ့အစည်းများစွာအပေါ် သက်ရောက်မှုရှိသည်ကို နာကျင်စွာသိရှိလာကြသည်။ ကျွန်ုပ်တို့ တစ်ပါးသူအပေါ် မြင်သည့် အမြင်ကိုပြောင်းလဲရန် ကူညီပေးနိုင်သည့်အရာအားလုံးကို အတူတကွ ရှာဖွေကြပါစို့။ ဥပမာ - မိခင်နိုင်ငံကို ထားခဲ့ရသူများအား

နားထောင်ပေးခြင်းဖြင့် ဖြစ်သည်။ တွေ့ကြုံမှုတိုင်းကို ရတနာတစ်ခု ဖြစ်စေသော အခြားသောဖြစ်တည်မှုအပိုင်းကို လက်ခံကြပါစို့။

- ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီး၏ငိုညည်းသံကို အာရုံစိုက်ပါသလား။ တိုးလာနေသည့် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုဆိုးရွားမှုတို့က ကျွန်ုပ်တို့အားသတိပေးနေသည်နှင့်အမျှ လူသားတို့၏လုပ်ရပ်များနှင့် ပေါ့ဆမှုတို့သည် အံ့ဖွယ်ကမ္ဘာဂြိုဟ်ကို ဖျက်ဆီးသည်။ ဘုရားသခင်မှလူသားမျိုးနွယ်ထံအပ်နှင်းထားသည့်တာဝန်ကို ပြန်သတိရရန်အရေးတကြီး လိုအပ်ပါသည်။ နိုင်ငံရေးနှင့် စီးပွားရေး ဆုံးဖြတ်ချက်များသည် မရှိမဖြစ် ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့တစ်ဦးစီသည် ကျွန်ုပ်တို့၏ဘဝပုံစံကို ရိုးရှင်းအောင်လုပ်ဆောင်နိုင်ပြီး ဖန်ဆင်းခြင်း၏ အလှတရား၌ ရင်သပ်ရှုမောသည့်အာရုံကို အသစ်တဖန်ပြန်လည်ဆန်းသစ်နိုင်သည်။
- ယူကရိန်း နှင့် ကမ္ဘာ့နေရာတော်တော်များများတွင် ဆိုးဆိုးရွားရွားဖြစ်နေသော စစ်ပွဲအခြေအနေတွင် လူတစ်ချို့က မကောင်းမှုများအလယ်တွင် ဘုရားသခင် မရှိတော့သကဲ့သို့ သို့မဟုတ် နှုတ်ဆိတ်နေသကဲ့သို့ခံစားရကာ ဆုတောင်းရန်ခက်ခဲနေကြသည်။ သို့သော် ငြိမ်းချမ်းရေးအတွက် ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏တာဝန်ယူလိုသည့်ခံစားချက်ကို နိုးကြားစေပြီး ကြေကွဲဖွယ်စစ်ပွဲကြောင့် ဒုက္ခရောက်နေသူအားလုံးနှင့်အတူရှိနေစေသည်။ ကျူးကျော်ရန်လိုသူများကို အောင်မြင်မှုသရဖူအပ်နှင်းသည့် လွယ်ကူသော ငြိမ်းချမ်းရေးမျိုး မဟုတ်ဘဲ စစ်မှန်ပြီး ရေရှည်တည်တံ့ရန် တရားမျှတမှုနှင့်အမှန်တရား ပါဝင်သည့်ငြိမ်းချမ်းရေး ကို တောင်းဆိုရပါမည်။ ငြိမ်းချမ်းရေးအတွက်ဆုတောင်းခြင်းသည် အမှန်ပင်အရေးတကြီး လိုအပ်နေပါသည်။

ယုံကြည်သူများအတွက် ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းသည် အနာဂတ်ကို ကြောက်ရွံ့ခြင်းထက် ပို၍မျှော်လင့်ချက်ကိုပေးစွမ်းနိုင်ပါသည်။ နုံအသည့်ယုံကြည်မှုမျိုးမဟုတ်ဘဲ ဘုရားသခင်သည် ဖန်ဆင်းခြင်း အမှုတွင် ပါဝင်လုပ်ဆောင်တော်မူပြီး ကျွန်ုပ်တို့အလှည့်တွင်လည်း ကျွန်ုပ်တို့ကိုယ်တိုင် အတွက်နှင့် မျိုးဆက်သစ်အတွက် ပါဝင်လုပ်ဆောင်ရန် ဖိတ်ခေါ်နေသည် ဟူသည့် စိတ်နှလုံးတွင် အမြစ်တွယ်နေသော ယုံကြည်ချက်မျိုးဖြစ်သည်။

ငြိမ်းချမ်းရေးသည် လက်လှမ်းမမီသောအကောင်းဆုံးစံနမူနာတစ်ခုဟု ထင်ရပြီး အကြမ်းဖက်မှုက တိုင်းနိုင်ငံစုံမိသားစုကို ဖျက်ဆီးနေသောအခါ၊ ဘေးရန်အန္တရာယ်အမျိုးမျိုးက ကျွန်ုပ်တို့ကိုမငြိမ်မသက် ဖြစ်စေသောအခါ

မိမိကိုယ်ကိုသတိပေးကြပါစို့။ အတွင်းစိတ်၌ဆင်းရဲနေစေကာမူ မိမိတို့နှင့် နီးစပ်သူများနှင့် ပေါင်းစည်းမှုရှိနေခြင်း၊ သာ၍ချဲ့ထွင်လာသောခင်မင်ရင်းနှီးမှုအားဖြင့် ရှင်ပြန် ထမြောက်သောခရစ်တော်သည် ကျွန်ုပ်တို့နှင့်လာရောက်တွေ့ဆုံသည်။ ခရစ်တော်က ကျွန်ုပ်တို့၏ အမြင်သဘောထားကို ပြောင်းလဲပေးပြီး ကျွန်ုပ်တို့ကို ပိုမိုကျယ်ပြန့်သောကမ္ဘာသို့ ပို့ဆောင်ကာ မထင်မှတ်ထားသော ခြေလှမ်းများလှမ်းရန် ဖိတ်ခေါ်နေပါသည်။ ကျွန်ုပ်တို့ သူ့ ကို ကြိုဆိုကြမည်လား။

"အတူတကွ"

ခရစ်ယာန်စည်းလုံးညီညွတ်မှု တိုးပွားလာစေရန် အထောက်အကူဖြစ်စေမည့် "အတူတကွ"၊ "ဘုရားသခင်၏လူများစုဝေးခြင်း" ပွဲတစ်ခုကိုပြင်ဆင်နေပါသည်။ နောက်ထပ်သတင်းအချက် အလက်များကို မကြာတော့မည့် ခရစ်ယာန်စည်းလုံးမှုအတွက် ဆုတောင်းခြင်းရက်သတ္တပတ်အတွင်း ထုတ်ပြန်မည်ဖြစ်သည်။

စက်တင်ဘာလ ၃၀ ရက်၊ ၂၀၂၃ ခုနှစ် ကို သင့်ပြက္ခဒိန်တွင် ရေးမှတ်ထားနိုင်ပါပြီ။

Taizé ရှိ အစည်းအဝေးများအကြောင်း၊ နွေရာသီတွင်းအထူးရက်သတ္တပတ်များ နှင့် လာမည့်ဥရောပအစည်းအဝေးများကို Taizé ဝဘ်ဆိုဒ်- www.taize.fr တွင် တွေ့ရှိနိုင်ပါသည်။